လှော်ကလှဲ့ကျေးရွာ

ဟသ်ာတမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၉ – ၂၀၂၃)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
လှော်ကလှဲ့ကျေးရွာ၊ ဟသ်ာတမြို့နယ်
(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)
၂၀၁၉ ခုနှစ်၊ မတ်လ

## မာတိကာ


| | | |
|---|---|---|
| မာတိကာ | | ၂-၅ |
| စကားချီး | | ၆ |
| လှော်ကလှဲ့ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ဟသ်ာတမြို့နယ် | | ၇ |
| လှော်ကလှဲ့ကျေးရွာကျေးရွာရာသီခွင်ပြ ပြက္ခဒိန် | | ၈ |
| လှော်ကလှဲ့ကျေးရွာအဖွဲ့အစည်းပြမြေပုံ | | ၉ |

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်**

| | | |
|---|---|---|
| (၁) | နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု | ၁၀-၁၁ |
| | (၁-၁) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက် | |
| | (၁-၂) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု | |
| (၂) | ကျေးရွာ၏ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ | ၁၁ |
| | (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား | |
| | (ခ) သဘာဝအရင်းအမြစ်များ | |
| (၃) | ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ | ၁၂-၁၄ |
| | (က) လူဦးရေဆိုင်ရာ အချက်လက်များ | |
| | (ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု | |
| | (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု | |
| | (ဃ) ကျန်းမာရေးနှင့် အာဟာရ | |
| | (င) ပညာရေးနှင့်ကျွမ်းကျင်မှုများ | |
| | (စ) ကျားမဆိုင်ရာဆက်နွယ်မှု | |
| (၄) | ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ | ၁၄-၁၇ |
| | (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု | |
| | (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ | |
| | (ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ | |
| | (ဃ) သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု | |
| | (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | |
| | (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး | |
| | (ဆ) လူငယ်နှင့် ယဉ်ကျေးမှု | |
| | (ဇ) အခြေခံအဆောက်အဦ – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး | |
| | (ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး | |
| (၅) | ဖွံ့ဖြိုးရေးအတွက်ကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ | ၁၇-၁၉ |

(က) ဖွံ့ဖြိုးရေးအတွက်အထောက်အပံ့ဖြစ်စေမည့်အခြေအနေများ
(ခ) အဟန့်အတားနှင့်စိန်ခေါ်မှု
(၆) ပန်းတိုင်နှင့်မဟာဗျူဟာ ၁၉-၂၀
(က) ဖွံ့ဖြိုးရေးပန်းတိုင်
(ခ) အကောင်အထည်ဖော်နည်းဗျူဟာ
(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၂၀-၂၁
(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့်ပုံမှန်စိစစ်ခြင်း
(ခ) ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ
(ဂ) အသက်မွေးဝမ်းကြောင်းဆိုင်ရာနည်းပညာနှင့်ဈေးကွက်အတွက် အထောက်အပံ့များဖြည့်ဆည်းပေးခြင်း
(၈) စီမံကိန်း၊စီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ ၂၁-၂၄
(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်
(ခ) ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍စီမံချက်ကိုအုပ်စုခွဲခြားခြင်း
(ဂ) ဦးစားပေးစီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ
(၉) ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ် ၂၄-၂၅
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့် အစီအစဉ်များ ၂၅-၂၇
(၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏အခန်းကဏ္ဍ
(၁၀-၂)ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း
(၁၀-၃) ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ
(၁၀-၄) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့်ပြုပြင်ထိန်းသိမ်းရန် အတွက်အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များနှင့်ငွေကြေးဆိုင်ရာ အစီအမံများ
(၁၁) စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၂၇-၂၉
(၁၁-၁) ကြီးကြပ်စစ်ဆေးခြင်း

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** ၃၀-၇၃

(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ ၂၇
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံး လုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ
ဇယား ၇ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ
(၂) ကျေးရွာ၏လက်ရှိ ဖွံ့ဖြိုးရေးအခြေအနေ
ဇယား ၁၁ ကျေးရွာတွင်းရှိလူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ အတွက်အခွင့်အလမ်းများ
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့်အခက်အခဲများ

ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ၊ပုံစံနှင့်အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏အဓိကအကြောင်းအရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့်ဝန်ဆောင်မှု၊ဈေးကွက်လက်လှမ်းမီမှုအခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့်ဘဏ်လုပ်ငန်း
ဇယား ၂၉ ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များစီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့်အခက်အခဲများ
ဇယား ၃၀ ပညာရေးနှင့်စာတတ်မြောက်မှု
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင်အခြေအနေနှင့်ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေးအခက်အခဲနှင့်ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော(၁၂)လအတွင်းကာကွယ်ဆေးထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိမှု
ဇယား ၃၈ အိမ်သာအမျိုးအစား
ဇယား ၃၉ ကျား၊ မရေးရာ
ဇယား ၄၀ ကျေးရွာ၏လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏တံတားတည်ရှိမှု
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်ဆိုင်ရာနည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

ကိုးကားစာရင်း ၇၄

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂-၂၀၂၃ ခုနှစ်အထိ (၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့လှော်ကလှဲ့ကျေးရွာ၏ ပထမဦးဆုံးသောလူအများ ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ဟသ္သာတမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဦးစီးမှူးနှင့်တကွ သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက် အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏန်း အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးမှူးများနှင့်အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာနားလည်သိရှိခဲ့ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
လှော်ကလှဲ့ကျေးရွာ
ဟသ္သာတမြို့နယ်

ဇူလိုင်လ၊ ၂၀၁၉ ခုနှစ် ရက်

# ဆိပ်ကြီးကျေးရွာအုပ်စု၊ လော်ကလှဲကျေးရွာသယံဇာတပြမြေပုံ



## လှော်ကလှဲ့ကျေးရွာ ရာသီခွင်ပြပြက္ခဒိန်မြေပုံ၊ ဟသ်ာတမြို့နယ်

| စဉ် | အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ရာသီဥတုအခြေအနေ |  |  |  |  |  |  |  |  |  |  |  |  |
| ၂ | လယ်/ယာစိုက်ပျိုးရေး | မြေပြင် | ထွန်စက်ခွဲ | စပါးကျဲ | ဓါတ်မြေသြဇာ | ဆေးဖျန်း | ဆေးဖျန်း | စပါးရိတ်သိမ်း | မတ်ပဲစိုက် | ပိုးသတ်ဆေးဖျန်း | - | ပဲသိမ်း | ပဲသိမ်း |
| ၃ | အသုံးစရိတ် | နည်း | များ | များ | အလွန်များ | များ | နည်း | များ | များ | များ | နည်း | များ | များ |
| ၄ | ချေးငွေလိုအပ်မှု | နည်း | များ | များ | များ | များ | နည်း | များ | နည်း | နည်း | နည်း | နည်း | နည်း |
| ၅ | ဝမ်းစာဖူလုံမှု | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ |
| ၆ | သောက်သုံးရေဖူလုံမှု | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ |
| ၇ | တိရစ္ဆာန်အစာ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ |
| ၈ | တိရစ္ဆာန်ရောဂါဖြစ်ပွားမှု | နည်း | နည်း | များ | များ | နည်း | နည်း | နည်း | နည်း | နည်း | များ | များ | များ |
| ၉ | ပွဲတော် | သင်္ကြန်ပွဲ | ညောင်ရေသွန်းပွဲ | မရှိ | မရှိ | မရှိ | မရှိ | မီးထွန်းပွဲ | မရှိ | မရှိ | မရှိ | မရှိ | မရှိ |
| ၁၀ | သဘာဝဘေးအန္တရာယ် | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ |

## လှော်ကလှဲ့ကျေးရွာ အဖွဲ့အစည်းပြမြေပုံ၊ ဟင်္သာတမြို့နယ်



## အပိုင်း(က)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

### ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

**ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးစွဲခြင်း**

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့်ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်း အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများ ရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏လက်ရှိ လူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုး ဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကိုရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင်ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

## နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs)နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသော လိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရ မဟုတ်သောအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သောငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေရန်အတွက် ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့်လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများ ရှိနိုင်ပါသည်။ သို့ဖြစ်ပါ၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့်အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံချက်များကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

လှော်ကလှဲ့ကျေးရွာသည် ဟသ်ာတမြို့နယ်၏ တောင်ဘက်(၂၃)မိုင် အကွာတွင်တည်ရှိပါသည်။ အရှေ့ဘက်တွင် ဇလွန်မြို့ရှိပြီး (၁၁)မိုင်ခန့် ကွာဝေးပါသည်။ လှော်ကလှဲ့ကျေးရွာသည် ဟသ်ာတမြို့နယ်အဆုံးတွင်ရှိပြီး အရှေ့ဘက်တွင် ဇလွန်မြို့၊ တောင်ဘက်တွင် ဓနုဖြူမြို့တို့နှင့် ဆက်စပ်လျက်ရှိပါသည်။

### (ခ) သဘာဝအရင်းအမြစ်

လှော်ကလှဲ့ကျေးရွာတွင်သဘာဝဆေးဘက်ဝင်အပင်များဖြစ်သည့် ရှားစောင်းလက်ပတ်၊လောက်သေပင်၊ ဆင်တုံးမနွယ်၊ခွေးသေးပန်းရွက်၊ ရှမ်းပြေးရွက်၊ ကြိတ်မှန်ရွက်၊ ရဲယိုရွက်၊ ရှောက်သံပုရာ၊ ကျောက်ကွဲရွက်၊ သောင်ကန်ဂ္ဂလာ စသည့်အပင်တို့ပေါက်ရောက်ပါသည်။ အခြားသဘာဝအရင်းအမြစ်တို့ မရှိပါ။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

လှော်ကလှဲ့ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၁၁၃)စု နှင့် ကျား (၂၉၈)၊ မ(၂၅၃)ဦး လူဦးရေပေါင်း(၄၈၁)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၄)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း (၅)ဦးထက်လျော့နည်းသည်။ ကျေးရွာတွင် ဗမာလူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင်သည့် အရွယ်သည် ကျေးရွာရှိလူဦးရေ အားလုံး၏ (၆၇%) ရှိပြီး အမျိုးသမီးမှာ အမျိုးသားဦးရေထက် အနည်းငယ်များနေပါသည်။

## (ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အိမ်ထောင်စုများ၏ ဥစ္စာဓနအဆင့် သတ်မှတ်ချက်အရ ကျေးရွာ အိမ်ထောင်စု၏ (၆၀%)နီးပါးမှာ မပြေလည်သောအိမ်ထောင်စုများ ဖြစ်ပါသည်။ အဆင်ပြေသော အိမ်ထောင်စုမှာ ပျမ်းမျှအားဖြင့် လယ်(၄၀)ကေအထက်နှင့် ဥယျာဉ်ခြံမြေ(၃)ကေအထက်တို့ ပိုင်ဆိုင်ကြပြီး လယ်ယာသုံးစက်ကိရိယာများ ပိုင်ဆိုင်မှုရှိကာ အိမ်အခြေအနေ ကောင်းမွန်ပါသည်။ အလယ်အလတ်ရှိသော အိမ်ထောင်စုများတွင် အိမ်အသင့်အတင့်ပိုင်ဆိုင်မှုရှိပြီး ၊ လယ်ယာမြေပိုင်ဆိုင်မှု အသင့်အတင့်ရှိကာ စီးပွားရေးအသင့်အတင့် ကောင်းမွန်ကြပါသည်။ ဆင်းရဲသော အိမ်ထောင်စုများနှင့် အလွန်ဆင်းရဲသောအိမ်ထောင်စုများတွင် ကောင်းမွန်သော အိမ်ပိုင်ဆိုင်မှုမရှိခြင်း၊ လယ်မြေအနည်းငယ် (သို့မဟုတ်) ပိုင်ဆိုင်မှုမရှိခြင်းတို့ ကြောင့် နေ့စား၊ ကျပန်းအလုပ်တို့ဖြင့် အသက်မွေးဝမ်းကြောင်းပြုပြီး ရပ်တည် နေကြရပါသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

လှော်ကလှဲ့ကျေးရွာတွင် ဆင်းရဲနွမ်းပါးသော အိမ်ထောင်စု(၃၀)စုရှိသည့် စစ်တမ်းကောက်ယူမှုအရ (၁၀)အိမ်ထောင်စုမှာ (၃)လအောက် ချေးငှားခြင်း မပြုဘဲ ထမင်းနပ်မှန်အောင်စားနိုင်ပြီး (၉)အိမ်ထောင်စုမှာ (၃)လမှ (၅)လအထိ ဝမ်းစာဖူလုံမှုရှိပါသည်။ အိမ်ထောင်စု(၁၁)စုမှာ (၆)လနှင့်အထက် ချေးငှားခြင်း မပြုဘဲထမင်းနပ်မှန်အောင်စားနိုင်ပါသည်။ ၎င်းတို့သည်လုပ်အားခကြိုတင်ယူခြင်း၊ ဆွေမျိုးမိတ်ဆွေများနှင့် ငွေတိုးချေးစားသူများထံမှ ကြွေးယူခြင်းတို့အပြင် အခြား ဒေသများသို့ သွားရောက်လုပ်ကိုင်သူများထံမှ ပြန်ပို့ငွေများဖြင့် စားနပ်ရိက္ခာ ဖူလုံရန် ရပ်တည်နေကြရပါသည်။ငွေကြေးအရင်းအနှီးများ မပြည့်စုံသောကြောင့် ဆင်းရဲသောလူတန်းစားများမှာ ထိခိုက်မှုများ ရှိနေပါသည်။

## (ဃ) ကျန်းမာရေးနှင့် အာဟာရ

လှော်ကလှဲ့ကျေးရွာတွင် သာမန်ဖျားနာခြင်းများမှလွဲ၍ အခြားဆိုးရွားသော ကူးစက်ရောဂါများ ဖြစ်ပွားမှုမရှိပါ။ ကျောင်းသား၊ ကျောင်းသူများအား စာသင် ကျောင်းတွင် ကျန်းမာရေးဌာနမှ လာရောက်၍ ကျန်းမာရေးနှင့် ပတ်သက်၍ စစ်ဆေးကုသပေးပြီး နိုင်ငံတော်၏ လမ်းညွှန်ချက်နှင့် ကာကွယ်ဆေးများ တိုက်ကျွေးကြပါသည်။ စာသင်ကျောင်းတွင် အာဟာရများ ပုံမှန်တိုက်ကျွေးမှု ရှိပါ သည်။

### (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

လှော်ကလှဲ့ကျေးရွာတွင် မူလွန်ကျောင်းတစ်ကျောင်းရှိပြီး မူလတန်းကျောင်းနေရွယ်(၄၇)ဦးနှင့် အလယ်တန်းကျောင်းနေရွယ်(၂၈)ဦးရှိ ပညာတက်ရောက်သင်ယူနိုင်ကြပါသည်။အထက်တန်းကျောင်းတွင် သွားရောက်ပညာသင်ယူနေသော ကျောင်းသား၊ကျောင်းသူ(၁၁)ဦးရှိပြီး ဘွဲ့ရအနည်းငယ်ရှိကာ ကျေးရွာ၏ကျောင်းတက်နှုန်းမှာ အလယ်အလတ်အဆင့်သာ ရှိပါသည်။ ကျေးရွာ၏စာတတ်မြောက်မှုအနေဖြင့် စာမတတ်သူဦးရေ (၃%)၊ မူလတန်းအဆင့်ရှိသူ (၆၀%)၊ အလယ်တန်းအဆင့်ရှိသူ (၂၄%)၊ အထက်တန်းအဆင့်ရှိသူ (၉%)၊ တက္ကသိုလ်ကောလိပ်အဆင့်ရှိသူ (၄%)ရှိရာ ကျေးရွာ၏ စာတတ်မြောက်မှုအခြေအနေမှာ အနည်းငယ်နိမ့်ကျနေပါသည်။

### (စ) ကျားမဆိုင်ရာဆက်နွယ်မှု

လှော်ကလှဲ့ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေများအနက် အမျိုးသမီးဦးရေမှာ အမျိုးသားဦးရေထက် ပိုများပါသည်။ စပါးစိုက်ပျိုးချိန်တွင် အမျိုးသားတစ်ဦးလျှင် ပျှမ်းမျှ(၅၅၀၀)ကျပ်ခန့် ရရှိပါသည်။ကွမ်းခူး၊ ပေါင်းရှင်း၊ ကောက်စိုက်ချိန်တွင် အမျိုးသမီးတစ်ဦးလျှင် (၄၀၀၀)ကျပ်ခန့် ရရှိပါသည်။ ကျေးရွာ၏စာတတ်မြောက်မှုတွင်လည်း ပညာရေးအဆင့်အလိုက် အမျိုးသမီးဦးရေမှာ ပိုမိုများပြားပါသည်။ ကျေးရွာ၏ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများပါဝင်မှုမရှိသော်လည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုးသမီးများတက်ကြွစွာပူးပေါင်းပါဝင်ကြပါသည်။ ကျေးရွာတွင်အမျိုးသမီးများအတွက် သံသယဖြစ်ဖွယ်အကြမ်းဖက်မှု၊တိုင်ကြားမှုများ မရှိပါ။ လူနေမှုအဆင့်အတန်းခွဲခြားဆက်ဆံမှုမရှိဘဲ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုပြီး စည်းလုံးညီညွတ်စွာ နေထိုင်သောကျေးရွာတစ်ရွာဖြစ်ပါသည်။

## ၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန်များစွာ အထောက်အကူပြုနိုင်ပါသည်။

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

လှော်ကလှဲ့ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ကျေးရွာလမ်းကော်မတီ ရပ်မိ/ရပ်ဖ၊ ဂေါပက၊ ကျောင်းအကျိုးတော်ဆောင်နှင့် အရန်မီးသတ်တပ်ဖွဲ့တို့

သည်ကျေးရွာ၏ သာယာရေး၊ ဘာသာရေးကိစ္စရပ်များကို ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ပူးပေါင်းကာ ဆောင်ရွက်နေပါသည်။

ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အကူအညီဖြင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ၊ကျေးရွာသားများ ကိုယ်တိုင်ပူးပေါင်းပါဝင်ရွေးချယ်ဖွဲ့စည်းခဲ့ကြပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သော ဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

လှော်ကလှဲ့ကျေးရွာတွင် တောင်သူများ၏ အဓိကစိုက်ပျိုးသီးနှံမှာ စပါးနှင့် ရာသီပေါ်သီးနှံများပင် ဖြစ်ပါသည်။ မိုးရာသီတွင် စပါး(၄၇၄.၅)ဧကခန့် စိုက်ပျိုးကြပါသည်။ မိုးစပါးစိုက်ခင်းအားလုံးအနက် အချို့မှာ လယ်စိုက်ခင်းများဖြစ်ပါသည်။ ကွမ်းစိုက်ပျိုးခြင်းနှင့် အခြားသီးနှံများ စိုက်ပျိုးခြင်းတို့ကို လယ်အလုပ်နှင့် တွဲဖက်လုပ်ကိုင်ကြပါသည်။

စပါးကို မိုးရာသီတွင် စိုက်ပျိုးပြီး ကွမ်း၊ သခွား၊ ပဲသီး၊ ရုံးပတီသီး၊ဘူးသီး စသည်တို့ကို ရာသီအလိုက် စိုက်ပျိုးကြပါသည်။မွေးမြူရေးအနေဖြင့် နွား၊ ဝက်၊ ကြက်၊ ဆိတ်၊ ဘဲတို့ကို တစ်ပိုင်တစ်နိုင် မွေးမြူသူရှားပါး၍ စီးပွားဖြစ် မွေးမြူခြင်း မရှိပါ။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

လှော်ကလှဲ့ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားလုပ်ငန်းလုပ်ကိုင်သူများမှာ အိမ်ဆိုင်၊ အရောင်းအဝယ်၊ နေ့စား၊ ပန်းရံ၊ လက်သမား၊ ဆိုင်ကယ်ပြင်ဆိုင်စသည်တို့ လုပ်ကိုင်ကြပါသည်။ နေ့စားလုပ်ကိုင်ကြသူများမှာလည်း လက်သမား၊ အရောင်းအဝယ်နှင့် လယ်၊ ခြံထဲတွင် နေ့စားလုပ်ငန်းများလုပ်ကိုင်ကြပါသည်။ တစ်နေ့လျှင် ကျား(၆၀၀၀ကျပ်)နှင့် မ(၄၀၀၀ကျပ်)ခန့် ရရှိပါသည်။

## (ဃ) သဘာဝပတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

လှော်ကလှဲ့ကျေးရွာ၏ စိုက်ပျိုးရေးတွင် သဘာဝမြေသြဇာများကို အသုံးပြုမှုနည်းပါးလာပြီး ဓါတုမြေသြဇာများ၊ ဓါတုပိုးသတ်ဆေးများကို လိုအပ်သည်ထက်ပိုမိုအသုံးပြုလာသောကြောင့် စိုက်ပျိုးမြေများမှာ မြေဆီသြဇာများ ခမ်းခြောက်လာပြီးမြေဆီ လွှာခမ်းခြောက်မှုများ ဖြစ်ပေါ်လာပါသည်။ မြေဆီလွှာပျက်စီး

လာမှုကြောင့် သီးနှံအထွက်နှုန်းများ လျော့ကြလာသည့်အပြင် သဘာဝဆေးဘက်ဝင်အပင်များလည်း ရှားပါးလာကာ အပင်များအတွက် ရောဂါကာကွယ်ထိန်းချုပ်မှု အားနည်းလာသောကြောင့် ဖျက်ပိုးများ ကျရောက်မှုရှိနေပါသည်။

ယခုအခါကျေးရွာတွင် စိုက်ပျိုးရေးသင်တန်းကျောင်းဆင်းများ မရှိ၍ စိုက်ပျိုးရေးနှင့်ပတ်သက်သော အသိပညာပေးမှုများ အားနည်းနေပါသည်။သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ရေဒီယို၊ တီဗွီ၊ ဖုန်းတို့မှ တဆင့် သိရှိရပါသည်။

ကျေးရွာလုံခြုံရေးအတွက် အရန်မီးသတ်တပ်ဖွဲ့၊ အုပ်ချုပ်ရေးမှူးနှင့်ကျေးရွာလူငယ်များအဖွဲ့မှ တက်ကြွစွာပါဝင်ကြပါသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှုအနေဖြင့် ပက်မြန်မာ ငွေစုငွေချေးလုပ်ငန်းမှ ချေးငွေရရှိပါသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

လှော်ကလှဲ့ကျေးရွာတွင် မူလွန်ကျောင်းတစ်ကျောင်းရှိပြီး ကျောင်းဆောင်မှာ (RC)တစ်ထပ်ကျောင်းဆောင်ဖြစ်ပါသည်။ ကိုယ်ထူကိုယ်ထ ဝါးတိုင်၊ ထရံကာ၊ သွပ်မိုး ကျောင်းဆောင်(၂)ဆောင် ရှိပါသည်။ ကျောင်းတွင်အစိုးရခန့် ဆရာ/ဆရာမ (၇)ဦးရှိရာ ကျောင်းဆရာ(၁)ဦး၊ ဆရာမ(၆)ဦးရှိပြီး ကျောင်းသားဦးရေမှာ (၁၃၀) ခန့်ရှိပါသည်။

ကျေးရွာတွင် လက်နှိပ်တုံကင်ပေါင်း(၄၀)လုံးနှင့် အုတ်စီရေတွင်း(၅)လုံး ရှိပြီး သောက်သုံးရေဖူလုံမှု ရှိပါသည်။ ကျောင်းသူကျောင်းသားများ၏ လက်ရှိ သောက်သုံးရေအတွင် စက်တွင်း(၁)တွင်း ရှိပါသည်။သောက်သုံးရေအတွက် စက်ရေတွင်းများမှ ရရှိပြီး ရေအလွန်ကောင်းသော ရွာတစ်ရွာဖြစ်ပါသည်။ မီးဘေး ကာကွယ်ရန်အတွက် မီးသတ်ရေကန်မရှိပါ။

ကျေးရွာတွင် ကျန်းမာရေးအတွက် ကာကွယ်ဆေးထိုးနှံမှုများ၊ တိုက်ကျွေးမှုများလစဉ် ကျန်းမာရေးဝန်ဆောင်မှုများကို တာဝန်ကျဝန်ထမ်းများမှ ထိုးနှံပေးသောကြောင့် ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များမှ ဖြစ်ပေါ်တတ်သော ရောဂါများ ကင်းဝေးကြပါသည်။

သာမန်အဖျားများအတွက် (၃)မိုင်ခန့်ဝေးသော ရှားခဲတိုက်နယ်ဆေးရုံတွင် ကုသနိုင်သော်လည်း ဆိုးဝါးသော ရောဂါများနှင့် မတော်တဆဖြစ်မှုများအတွက်

ကျေးရွာနှင့် (၂၃)မိုင်ဝေးသော ဟသ်ာတမြို့နယ်ဆေးရုံသို့ သွားရောက်ကုသရပါ သည်။

**(ဆ) လူငယ်နှင့် ယဉ်ကျေးမှု**

လူငယ်များမှာ ကျေးရွာ၏ သာရေး၊ နာရေး၊ ဘာသာရေးတို့တွင် စိတ်အား ထက်သန်စွာ ပါဝင်ဆောင်ရွက်ကြသော်လည်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းတွင် စိတ်အားထက်သန်စွာ ပါဝင်ဆောင်ရွက်ရန် ကျေးရွာလူကြီးများ၏ လက်တွဲခေါ်မှု ကလည်းလိုအပ်နေပါသည်။ လူငယ်များသည် အနာဂါတ်၏ သားကောင်းများ ဖြစ်သည့်အတွက် လူငယ်အဖွဲ့အစည်းကို စနစ်တကျဖွဲ့စည်းရေးနှင့် စွမ်းဆောင် ရည်မြှင့်တင်ပေးနိုင်ပါက မလွဲမသွေအောင်မြင်မှာ ဖြစ်ပါသည်။

**(ဇ) အခြေခံအဆောက်အဦ-လမ်းတံတား၊လျှပ်စစ်စွမ်းအား၊သတင်းနှင့် ဆက်သွယ်ရေး**

လှော်ကလှဲ့ကျေးရွာလမ်းသည် ၂၀၁၇ခုနှစ်၌ အကျယ်(၈)ပေ ထု(၄)လက်မ၊ အရှည်(၃၅၀၀)ပေခန့်ရှည်သော ကွန်ကရိလမ်းကို ခင်းခဲ့ပါသည်။ သယ်ယူပို့ဆောင် ရေးကဏ္ဍ၌ ကျောက်ချောလမ်းကို ရာသီအလိုက် အသုံးပြုကြပါသည်။ ရေလမ်းကို လည်း မိုးရာသီအချိန်တွင် ပဲ့ဒေါင်၊ ဝှန်ဆင်များဖြင့် အသုံးပြုကြပါသည်။ ကျေးရွာအတွင်း ထော်လာဂျီ သုံးဘီးဆိုင်ကယ်၊ ဆိုင်ကယ်၊ စက်ဘီးစသည်တို့နှင့် အဆင်ပြေသလို သုံးစွဲနေကြပါသည်။

**(ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

လှော်ကလှဲ့ကျေးရွာသည် မိသားစုကဲ့သို့ပင် စည်းစည်းလုံးလုံး နေထိုင်ကြပြီး ပြဿနာကြီးကြီးမားမား ဖြစ်လေ့ဖြစ်ထမရှိပါ။ ဘုန်းတော် ကြီးများ၏ ဆုံးမမှု၊ လူကြီးမိဘများ၏ဆုံးမမှုဖြင့် အေးချမ်းသာယာစွာ နေထိုင်ပါသည်။ သေးငယ်သောပြဿနာများ အနည်းငယ်ရှိသော်လည်း တာဝန်ရှိသူများ၏ ဆုံးမမှုဖြင့် အားလုံးပြေလည်အောင် ဖြေရှင်းနိုင်ခဲ့ ပါသည်။

**၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ**

လှော်ကလှဲ့ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေစုစုပေါင်းမှာ ကျေးရွာလူဦးရေ၏(၆၇)% ရှိပါသည်။ ထို့အပြင် တက္ကသိုလ်ဘွဲ့ရများလည်းရှိပါ ပါသည်။ လူကြီးလူငယ် လက်တွဲပြီးကောင်းမွန်စွာ တိုင်ပင်ညှိနှိုင်းလုပ်ဆောင် ကြသော အလေ့အထကောင်းများကလည်း အနာဂတ်ကာလများအတွက် အားရ

ဖွယ်ရာပင်ဖြစ်သည်။ လှော်ကလှဲ့ကျေးရွာသည် စိုက်ပျိုးရေးနှင့် အရောင်းအဝယ်ကို အခြေခံပြီး စီးပွားရေးလုပ်ကိုင်ကြသောကြောင့် စပါး၊ ပဲမျိုးစုံ စိုက်ပျိုးခြင်း၊ ကွမ်းစိုက်ပျိုးခြင်း၊ ဈေးရောင်းခြင်း၊ ရာသီပေါ်သီးနှံစိုက်ပျိုးခြင်းများကို လုပ်ကိုင်ဆောင်ရွက်ကြရသဖြင့် လမ်းပန်းဆက်သွယ်ရေးမှာ ပိုမိုကောင်းမွန်လာပါက ကျေးရွာသူ/ရွာသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးများ ပိုမိုကောင်းမွန်ပြေလည်နိုင်ပါသည်။

လှော်ကလှဲ့ကျေးရွာရှိ မူလွန်ကျောင်းမှ ကျောင်းသူ/ကျောင်းသားများအတွက် ဆရာ/ဆရာမ လုံလောက်မှုမရှိပါ။ သို့ပါ၍ ကျောင်းသူ၊ ကျောင်းသားများ၏ ပညာရေးအခက်အခဲမရှိ အဆင်ပြေရန်အတွက် ကျေးရွာတွင်းရှိ တက္ကသိုလ်ဘွဲ့ရများကို အကူအညီတောင်း၍ လစ်လပ်သော ဆရာ၊ ဆရာမများနေရာတွင် အစားထိုး ကူညီဖြေရှင်းပေးခဲ့ပါသည်။ထို့အပြင် ရှားခဲအထကကျောင်းနှင့် ကျေးရွာမှာ(၃)မိုင်ခန်းကွာဝေးသောကြောင့် မိုးရာသီတွင်ကျောက်ချောလမ်းမှ သွားရောက်ရ၍ အနည်းငယ်အခက်အခဲ ရှိပါသည်။လှော်ကလှဲ့ကျေးရွာသည် ရှားခဲတိုက်နယ်ဆေးရုံနှင့်(၃)မိုင်၊ ဟသ်ာတမြို့နယ်ဆေးရုံနှင့် (၂၃)မိုင် ၊ ဇလွန်မြို့နယ်ကော့ကပ်ဆေးရုံနှင့် (၄)မိုင်ခန့် ကွာဝေးပါသည်။ မည်သည့်ဆေးရုံ မဆို ကားလမ်းနှင့်တဖုံ၊ ရေလမ်းဖြင့် တဖုံ၊ ဆိုင်ကယ်နှင့်တသွယ် သွားလာနိုင်ပါသည်။

## (ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာတွင်တစ်ရွာလုံးအနေဖြင့် အိမ်တိုင်းနီးပါးလျှပ်စစ်မီးလင်းရေးကို အလိုရှိကြသော်လည်း ကိုယ်ထူကိုယ်ထဖြင့် မီးလင်းရေးဆောင်ရွက်ရန် ငွေကြေးမလုံလောက်ခြင်း၊ သက်ဆိုင်ရာဌာနဖြင့် ချိတ်ဆက်ရန် အားနည်းခြင်း၊ နည်းပညာမရှိခြင်းတို့မှာ အဟန့်အတားတစ်ခုဖြစ်နေပါသည်။

ရွာတွင်းလမ်းမှာလည်း မီးလင်းရေးဆောင်ရွက်ပါက သတ်မှတ်ထားသောအကျယ်အဝန်းမရှိသဖြင့် လမ်းချဲ့ထွင်ရန် လိုအပ်နေပါသည်။ လမ်းချဲ့ထွင်ပါက မလွတ်သော ခြံစည်းရိုးများ နောက်ဆုတ်ရမည်ဖြစ်ပါသည်။

လှော်ကလှဲ့ကျေးရွာတွင် ကျန်းမာရေးနှင့်ပတ်သက်ပါက ကျေးလက်ဆေးပေးခန်း မရှိပါ။ အနီးစပ်ဆုံး ရှားခဲတိုက်နယ်ဆေးရုံနှင့် ဇလွန်တိုက်နယ်ဆေးရုံသို့ သွားရောက်ကုသမှု ခံယူကြရပါသည်မှာလည်း အခက်အခဲတစ်ခု ဖြစ်ပါသည်။

ကျေးရွာတွင်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေသော အဖွဲ့အစည်းများရှိသော်လည်း သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ရန် အားနည်း

နေပါသည်။ကျေးရွာတွင် စိုက်ပျိုးသီးနှံများ ထွက်ရှိသော်လည်း အချိန်မီ ရောင်းချရန်အတွက် ဈေးကွက်နှင့် အလှမ်းဝေးနေသေးသည်။ ထို့ကြောင့်ထိုက်သင့်သောဈေးနှင့် ဈေးနှုန်းမှန်ကန်စွာရောင်းချနိုင်မှု မရှိသေးပါ။

## ၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

ကျွန်ုပ်တို့ လှော်ကလှဲ့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်မှာ ယေဘုယျအားဖြင့် လူမှုအဆင့်အတန်းမြင့်မားရေးအတွက် လုပ်ကိုင်ဆောင်ရွက်ရန် ဖြစ်ပါသည်။ ထို့ကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကွင်းဆင်းအဖွဲ့ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ရေးဆွဲပြီးဖြစ်ပါသည်။ ၎င်းပန်းတိုင်အတွက် အကောင်အထည်ဖော်ရေးစီမံကိန်းများ ရေးဆွဲထားပါသည်။

### (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးရေးပန်းတိုင်များတွင် ကျေးရွာသူ၊ကျေးရွာသားများ ဝင်ငွေတိုးတက်ရေး၊တစ်ဦးချင်းစွမ်းရည် တိုးတက်ရေးတို့အပြင် ပညာရေးကို အလေးထားပြီး ကလေးများနှင့် လူငယ်များအတွက် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေမည့် ရည်မှန်းချက်များကိုလည်း (၂၀၁၈မှ ၂၀၂၃) ၅နှစ်တာကာလအတွင်း အောက်ပါအတိုင်းရိုးရှင်းစွာ ချမှတ်ထားပါသည်။

(က.၁) ရွာလူထုသည် မွေးမြူရေးနှင့် ရောင်းဝယ်ဖောက်ကားခြင်း လုပ်ငန်းများဖြင့် ဝင်ငွေတိုးတက်စေရမည်။

(က.၂) လူငယ်များအား ပညာတတ်မြောက်မှုကို ပိုမိုတိုးတက်စေခြင်းနှင့် အသက်မွေးဝမ်းကြောင်း ပညာရပ်များ ကျွမ်းကျင်မှုရှိစေပြီး အလုပ်အကိုင်တိုးတက်လာစေပြီး စီးပွားရှာဖွေနိုင်စွမ်းနှင့် ဝင်ငွေတိုးမြင့်လာစေရမည်။

(က.၃) ရွာလူထုသည် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန်၊ သန့်ရှင်းသောသောက်သုံးရေရရှိစေရန်နှင့် ကျေးရွာမီးလင်းရေးဆောင်ရွက်နိုင်ရမည်။

### (ခ) အကောင်အထည်ဖော်နည်းဗျူဟာ

လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မည့်လုပ်ငန်း အစီအစဉ်များနှင့် စီမံကိန်းများကို အောက်ဖော်ပြပါ အကောင်အထည်ဖော်ရေး နည်းဗျူဟာများကျင့်သုံး၍ စနစ်တကျဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ၏ဖွံ့ဖြိုးရေး ရည်မှန်းချက်များကို ရောက်ရှိမည်ဟု ယုံကြည်ပါသည်။

(ခ.၁) ကျေးရွာအတွင်းလမ်းများနှင့် ချဉ်းကပ်လမ်းများအား အဆင့်မြင့်တင်ခြင်းများအတွက် သက်ဆိုင်ရာဦးစီးဌာနများ ၊အကူအညီပေးမည့်အဖွဲ့အစည်း

များနှင့်ချိတ်ဆက်ပြီးကျေးရွာလူထု၏ လုပ်သားပေါင်းစပ်ကာ လုပ်ဆောင်သွားပါမည်။

(ခ.၂) ကျေးရွာမီးလင်းရေးအတွက် လျှပ်စစ်ဓါတ်အားလိုင်း နှင့် ချိတ်ဆက်နိုင်ရန် အတွက်ကျေးရွာဆက်သွယ်ရေးလမ်းများကို သက်ဆိုင်ရာဦးစီး ဌာနများနှင့် ပူးပေါင်းပြီးပြုပြင်ဆောင်ရွက်သွားပါသည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ဤအခန်းကို ပြုစုဖော်ပြထားပါသည်။ ဖော်ပြပါအဖွဲ့အစည်းများသည် လှော်ကလှဲ့ကျေးရွာ၏ လိုအပ်ချက်များအား နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့် ထိုမှတဆင့်ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကိုပေးနိုင်ပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည်အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့သည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်ုပ်တို့ကျေးရွာသူ၊ ကျေးရွာသားများ၏ အားထုတ်လုပ်ကိုင်မှုများကို ပြန်လည်စိစစ်ခြင်းနှင့်ရွေးချယ်ခဲ့သော ဦးစားပေးစီမံချက်များအား အချိန်မှန်ပြန်လည်သုံးသပ်ရန်ပြုပြင်ရေးဆွဲခြင်းစသည်တို့ဆောင်ရွက်နိုင်ရန် အကူအညီဆက်လက်ရရှိမည်ဟု မျှော်လင့်ပါသည်။

### (ခ) ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ

လှော်ကလှဲ့ကျေးရွာ၏ လိုအပ်ချက်တစ်ရပ်တွင် စိုက်ပျိုးရေး၊မွေးမြူရေး၊ အခြားဝင်ငွေရလုပ်ငန်းများအတွက် လုံလောက်သောချေးငွေများ ရရှိမှုကလည်း အဓိကဖြစ်ပါသည်။ကျေးရွာများတွင် ချေးငွေထုတ်ချေးပေးနေသော မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် စပါးသီးနှံ (ကာလတိုချေးငွေ)တစ်ခုတည်းကိုသာ ဦးစားပေးဆောင်ရွက်ပေးနေသောကြောင့် အခြားသီးနှံစိုက်ပျိုးသူတောင်သူများအတွက် လိုအပ်ချက်များရှိနေဆဲဖြစ်ပါသည်။ တောင်သူအများစုသည် ကာလရှည်ချေးငွေထုတ်ချေးပေးနိုင်သော ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများနှင့် ချိတ်ဆက်လုပ်ဆောင်

လိုကြသည်။ ကျေးရွာသူ/သားများ လိုအပ်သောချေးငွေများ ထုတ်ချေးပေးနိုင်ရန် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ သတ်မှတ်ချက်များကို လျှော့ချပြီး ဒေသလိုအပ်ချက်နှင့်အညီပြောင်းလဲသင့်ပါသည်။

**(ဂ) အသက်မွေးဝမ်းကြောင်းဆိုင်ရာနည်းပညာနှင့်ဈေးကွက်အတွက် အထောက်အပံ့များဖြည့်ဆည်းပေးခြင်း**

လှော်ကလှဲ့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်ချက်တစ်ရပ်မှာ စိုက်ပျိုးထုတ်လုပ်သူများ၏ဈေးကွက်ဆိုင်ရာ သဘောသဘာဝသိရှိမှု၊ အားနည်းခြင်းနှင့် အရည်အသွေးကောင်းမွန်သော ထုတ်ကုန်များရရှိရေးအတွက် ခေတ်မှီသောနည်းပညာများလိုအပ်ခြင်း ပင်ဖြစ်သည်။ ဟာသ်ာတနှင့် အလှမ်းမဝေးလှသော အားသာချက်ကိုအမှီပြု၍ ဒေသထွက်ကုန်များကိုသင့်တော်သော ဈေးနှုန်းဖြင့် ရောင်းချနိုင်ရန် ဈေးကွက်သဘောတရားများကို နားလည်အောင် နည်းလမ်းပြပေးနိုင်မည့်မြို့နယ်အဆင့်မှ စိုက်ပျိုးရေးဦးစီးဌာန၊မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် အခြားသက်ဆိုင်ရာဦးစီးဌာနများ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ၏ပူးပေါင်းလမ်းပြဖေးမမှုများ ကလည်းအရေးပါလှပါသည်။

ကျွန်ုပ်တို့ ကျေးရွာတွင် ဒေသထွက်ကုန်ကြမ်းများကိုသာ ရောင်းချမည့် အစား အရည်အသွေးရှိသောတန်ဖိုးမြင့် ထုတ်ကုန်များ ထုတ်လုပ်ရောင်းချနိုင်ရန် နည်းပညာသင်တန်းများရရှိ ဆောင်ရွက်ခြင်းကလည်း ကျေးရွာရှိလူသားအရင်းအမြစ်သုံးစွဲမှုကို ထိရောက်စွာအသုံးချနိုင်ရုံမကဒေသတွင်း တစ်နိုင်တစ်ပိုင်အသေးစားလုပ်ငန်းများတိုးတက်လာစေနိုင်သောကြောင့် ကျေးရွာ၏ဝင်ငွေရရှိမှုကို မြင့်မားလာခြင်း အခြားဒေသများတွင်ရွှေ့ပြောင်းလုပ်ကိုင်နေသူများအား မိမိနေရပ်သို့ပြန်လာ၍ လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများ တိုးတက်လာစေပြီး မိသားစုများပေါင်းစည်း နေထိုင်လုပ်ကိုင်နိုင်ခြင်း စသည်ဖြင့်ဒေသအတွင်း စားနပ်ရိက္ခာဖူလုံမှုတိုးတက်လာစေပြီး ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှု လျှော့နည်းစေရေးကို အထောက်အကူပြုနိုင်ပေမည်။

## ၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ

စီမံချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့အကောင်အထည်ပေါ်စေနိုင်မည့် နည်းဗျူဟာများအဖြစ်သို့ရောက်ရှိအောင် အောက်ခြေအထိလုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ စီမံကိန်း(၅)နှစ်တာကာလကျော်လွန်ချိန်တွင် ဖော်ပြပါပန်းတိုင်များကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန် စီမံချက်များသည် ဖွံ့ဖြိုးရေးလိုအပ်ချက်များအဖြစ်မရှိမဖြစ်လိုအပ်ပါသည်။

## (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုသည်(၅)နှစ်တာ ကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည်။ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည်မဟုတ်ပေ။ (၅)နှစ်တာကာလအတွင်းကျေးရွာတွင် လျှပ်စစ်မီးရရှိရန် ထပ်တိုးစီမံချက်လုပ်ဆောင်သွားမည်ဟု ရည်ရွယ်ပါသည်။ ဖွံ့ဖြိုးရေးရည်မှန်းချက်မူဘောင်တွင်နှစ်အလိုက်အကော်အထည်ဖော်ဆောင်ရွက်မည့် နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုပြင်ဆင်ရမည်ဖြစ်သည်။

## (ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်း၊ စီမံချက်များနှင့် စီမံချက်ဆိုင်ရာ အချက်အလက်များကိုစိစစ်စိတ်ဖြာနိုင်ရန်လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံပြီးအုပ်စုခွဲသည်။လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classify cation ) ဖြင့်ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်း များအလိုက်ဆောင်ရွက်ဘွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ရင်းနှီးမြှုပ်နှံမှု အမျိုးအစားကိုအခြေခံ၍အုပ်စု သတ်မှတ်ခြင်း (Economic classification)သည် စီမံချက်ကိုအကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့်အကျိုး သက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန်အထောက်အကူပြုသည်။

– လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification)

–ဝန်ကြီးဌာနများ၊ဦးစီးဌာနများကယင်းတို့၏ လုပ်ငန်းတာဝန်များအလိုက်ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

– ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ ပါဝင်သည်။

(ဂ) **ဦးစားပေးစီမံချက်များ**

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှကျေးရွာတွင် ဆောင်ရွက်သင့်သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ယင်းလုပ်ငန်းများ အနက်တက်ရောက်သူ ကျေးရွာသူ၊ ကျေးရွာသားအုပ်စု(၄)စုထဲမှ (၁၀)ဦးကဦးစား ပေးရမည့် စီမံချက်များကို အမှတ်ပေးရပါမည်။ အချို့သောစီမံချက်များကို ဆောင် ရွက်မည့် နည်းပညာဆိုင်ရာ အထောက်အပံ့များကို မြို့နယ်အဆင့်အစိုးရဌာန များနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝရရှိရန် လိုအပ်ပါသည်။ ကျေးရွာ ဖွံ့ဖြိုးရေးအစည်းအဝေးအတွက် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံ ချက်များမှာ-

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း | ရမှတ် | ဦးစားပေး အဆင့် |
|---|---|---|---|---|
| ၁ | လျှပ်စစ် | လျှပ်စစ်မီးလင်းရေးဆောင်ရွက်ပေးရန် | ၉၈ | ၁ |
| ၂ | အခြေခံ အဆောက်အဦ | ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းရန် | ၉၅ | ၂ |
| ၃ | အခြေခံ အဆောက်အဦ | သောက်ရေသန့်တွင်းတူးဖော်ပေးပါရန် | ၈၆ | ၃ |
| ၄ | အခြေခံ အဆောက်အဦ | စာကြည့်တိုက်ဆောက်လုပ်ပေးပါရန် | ၇၅ | ၄ |
| ၅ | စိုက်ပျိုးရေး | မျိုးကောင်းမျိုးသန့်နှင့်နည်းပညာပေးရန် | ၇၃ | ၅ |
| ၆ | ပညာရေး | ကျောင်းဆောင်သစ်ဆောက်လုပ်ပေးရန် | ၇၀ | ၆ |
| ၇ | ကျန်းမာရေး | ကျေးလက်ကျန်းမာရေးဌာနခွဲဆောက် လုပ်ပေးရန် | ၆၈ | ၇ |
| ၈ | လူငယ်ဖွံ့ဖြိုးရေး | အားကစားကွင်းဆောက်လုပ်ပေးရန် | ၅၀ | ၈ |

### (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့် ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကိုဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက်လိုအပ်သလိုဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်-

| စဉ် | စီမံချက် (Project) | ဦးစားပေးအဆင့် | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ |
|---|---|---|---|---|---|---|---|
| ၁ | မီးလင်းရေး | ၁ | ✔ | ✔ | ✔ | | |
| ၂ | လမ်း | ၂ | | ✔ | ✔ | | |
| ၃ | ရေသန့်တွင်း | ၃ | | ✔ | ✔ | ✔ | |
| ၄ | စာကြည့်တိုက် | ၄ | | | | ✔ | ✔ |
| ၅ | စိုက်ပျိုးရေး | ၅ | | | ✔ | ✔ | ✔ |
| ၆ | ပညာရေး | ၆ | | | | ✔ | ✔ |
| ၇ | ကျန်းမာရေး | ၇ | | | ✔ | ✔ | ✔ |
| ၈ | လူငယ်ဖွံ့ဖြိုးရေး | ၈ | | | ✔ | ✔ | ✔ |

## ၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ (indicative) အဖြစ်ကိုးကားရန် ပမာဏသာဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တချို့စီမံချက်များကိုရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများထံမှ ဘတ်ဂျတ်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်း ဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြ ထားခြင်းမရှိပါ။(ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန် စသည်)

**စီမံချက်ဘတ်ဂျတ်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁ | မီးလင်းရေး | | | ✔ | | |
| ၂ | လမ်း | | | ✔ | | |
| ၃ | ရေသန့်တွင်း | | | ✔ | | |
| ၄ | စာကြည့်တိုက် | | | ✔ | ✔ | |
| ၅ | စိုက်ပျိုးရေး | | | | ✔ | |
| ၆ | ပညာရေး | | | ✔ | | |
| ၇ | ကျန်းမာရေး | | | ✔ | | |
| ၈ | လူငယ်ဖွံ့ဖြိုးရေး | | | ✔ | ✔ | |

**၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်ထည်ဖော်မည် ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

**(၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ**

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ် ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေး တာဝန်ကိုအဓိက ယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအားတာဝန်များ ခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။

**(၁၀-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း**

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ကိုယ်တိုင်မတတ်နိုင်သော်အကူအညီများ ရယူဆောင်ရွက်ရန်ဖြစ်ပါသည်။

**(၁၀-၃) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ**

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါ ခေါ်ယူဆောင်ရွက်ရမည့်ကိစ္စများကိုလည်း တွေ့ရပါမည်။ဤလုပ်ငန်းအမျိုးအစားများ အတွက်အောက်ပါအဖွဲ့အစည်း /ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာဝန်ဆောင်မှု ပေးသည့် အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေး အဖွဲ့အစည်းများ ၊ ပုဂ္ဂလိကအဖွဲ့အစည်များ ၊ လူထုအဖွဲ့ အစည်းများ)ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်း များက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသောသတ်မှတ် ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး ကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာ ဖြစ်ပါသည်။

